# ဆဲဗင်းဂျူလိုင် ထုတ်ပြန်ကြေညာချက်

အာဏာရှင်ဗိုလ်နေဝင်းစစ်အုပ်စု၏ ပထမဆုံးအကြိမ် ကျောင်းသားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော ဆဲဗင်းဂျူလိုင်သည် ယနေ့လေးဆယ့်ခုနစ်နှစ် တိုင်ခဲ့ပြီ။

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ၏ ဘူမိနက်သန်နေရာမှန်ဖြစ်သော ကျောင်းသားသမဂ္ဂ အဆောက်အဦးကို စစ်အာဏာရှင်များက ဒိုင်းနမိုက်ဖြင့် ဖြိုခွဲနိုင်ခဲ့သော်လည်း ကျောင်းသားထု၏နှလုံးသားတွင်းမှ ဆဲဗင်းဂျူလိုင်စိတ်ဓါတ်ကို မည့်သည့်အခါမှ ဖြိုခွင်းနိုင်လိမ့်မည်မဟုတ်ချေ။

စစ်အာဏာရှင်စနစ် သက်ဆိုးရှည်နေသရွေ့ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး တိုက်ပွဲတိုင်းကို ကျောင်းသားထုကြီးသည် ဆဲဗင်းဂျူလိုင်စိတ်ဓါတ်ဖြင့် သက်စွန့် တိုက်ပွဲဝင်ခဲ့၊ တိုက်ပွဲဝင်နေဆဲဖြစ်၏။

ထို့ကြောင့်ပင် တရားခံများဖြစ်ခဲ့ကြသော စစ်အာဏာရှင်အဆက်ဆက်သည် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ လွတ်လပ်ရေးကို မြတ်နိုးတောင်းဆိုသော ကျောင်းသားထုတရပ်လုံးအား ရန်သူသဖွယ် အစဉ်အမြဲးတေးထား နေခဲ့လေသည်။

**ကျောင်းသားသည်ပြည်သူဖြစ်သည် ပြည်သူ့ အရေးအတွက်ကျောင်းသားတို့ စတေးခံကြသည်။**

ဗိုလ်အောင်ကျော်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဆလိုင်းတင်မောင်ဦး၊ ကိုဖုန်းမော်တို့ကဲ့သို့ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ကြသူများ၏ မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်အတိုင်း ဆက်လက်တိုက်ပွဲဝင်နေသည့် မျိုးဆက်များအားလုံးကို ကျွန်ုပ်တို့ ဂုဏ်ယူအလေးပြုသည်။

တိုင်းရင်းသားပြည်သူအားလုံးတို့၏ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် အခြေခံလူ့အခွင့်အရေးများ အာမခံမှုရှိသော ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ထောင်နိုင်သည့် တစ်နေ့တွင် ရာသက်ပန်တည်တံ့နိုင်မည့် ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို ကျွန်ုပ်တို့အားလုံး လက်တွဲညီညီနှင့် ပြန်လည်တည်ဆောက်ကြမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

မြန်မာမွတ်စလင်အစည်းအရုံး

ဆဲဗင်းဂျူလိုင်၊၂၀၀၉

ဆက်သွယ်ရန်

ကိုကျော်စွာ  အီးမေးလ် kyawzwaunion@yahoo.co.uk  တယ်လီဖုန်း +44 728426801